# Coca-Cola ကုမ္ပဏီ၏ လူ့အခွင့်အရေးမူဝါဒ

လေးစားမှု
ဆက်သွယ်မှု
အခွင့်အရေးများ
ယုံကြည်မှု
ဂုဏ်သိက္ခာ
လူ့အသိုင်းအဝိုင်း

## လူ့အခွင့်အရေးများအပေါ် လေးစားခြင်း

လူ့အခွင့်အရေးများအပေါ် လေးစားခြင်းသည် Coca-Cola ကုမ္ပဏီ၏ အခြေခံတန်ဖိုးဖြစ်သည်။ ကုလသမဂ္ဂ၏ လမ်းညွှန်မှုအရ စီးပွားရေးနှင့် လူ့အခွင့်အရေး မူဝါဒများကို ကျွန်ုပ်တို့၏ ဝန်ထမ်းများ၊ ကုန်ပစ္စည်းတင်သွင်းသူများနှင့် ပုလင်းသွင်းရောင်းချသူများမှ လေးစား လိုက်နာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ ကျွန်ုပ်တို့လုပ်ငန်းလုပ်ကိုင်ရာ လူ့အသိုင်းအဝိုင်းအတွင်း လူ့အခွင့်အရေးများကို တိုးမြှင့်ဆောင်ရွက်ရေး ကူညီပေးရန်ဖြစ်သည်။

ယင်းမူဝါဒကို အပြည်ပြည်ဆိုင်ရာ လူသားတို့၏ အခြေခံရပိုင်ခွင့်များနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၏ ၁၉၉၈တွင် ထုတ်ပြန်ခဲ့သည့် အခြေခံ လုပ်ငန်းခွင် စည်းကမ်းများနှင့် အခွင့်အရေးများအပါအဝင် လူ့အခွင့်အရေး ကြေငြာစာတမ်းပါ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးမူဝါများ၏ လမ်းညွှန်မှုဖြင့် ရေးဆွဲထားခြင်းဖြစ်သည်။

ယင်းမူဝါဒသည် Coca-Cola ကုမ္ပဏီ၊ ကုမ္ပဏီမှ ပိုင်ဆိုင်သည့် အဖွဲ့အစည်းများ၊ အကျိုးအမြတ်အများစု ပိုင်ဆိုင်သည့် အဖွဲ့အစည်းများနှင့် ကုမ္ပဏီမှ စီမံခန့်ခွဲသည့် လုပ်ငန်းခွင်နေရာ ဝန်ဆောင်ထောက်ပံ့မှုများ အားလုံးအတွက် သက်ဆိုင်အကျုံးဝင်သည်။ ကုမ္ပဏီအနေဖြင့် စားသုံးသူများ ပုလင်းသွင်းရောင်းချသူများနှင့် ကုန်ပစ္စည်းတင်သွင်းသူများ ကိုယ်တိုင် ယင်းမူဝါဒများကို လိုက်နာစောင့်ထိန်းရန် မျှော်လင့်ပြီး ၎င်းတို့၏ လုပ်ငန်းများတွင် တူညီသည့်မူဝါဒများကို ချမှတ်ကျင့်သုံးရန် တိုက်တွန်းသွားမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းများနှင့် ပက်သက်သူများ၏ လူ့အခွင့်အရေး ချိုးဖောက်ခံရနိုင်ချေရှိသည့် အခြေအနေများကို ကြိုတင်ဖော်ထုတ်ပြီး ချိုးဖောက်ခံရမှုများမှ ကာကွယ်တားဆီးနိုင်ရန် ပွင့်လင်းမြင်သာစွာ ကြိုးပမ်းဆောင်ရွက်သွားမည်။ မိမိတို့၏ စီးပွားရေးလုပ်ငန်းဆောင်တာများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ထိခိုက်မှုတစုံတရာရှိကြောင်း စုံစမ်းသိရှိပါက လိုအပ်သည့်တာဝန်ယူမှုများကို အပြည့်အဝတာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်သည်။ တရားမျှတမှုရှိစေရန် လိုအပ်သည့်တာဝန်ယူမှုများကို အပြည့်အဝတာဝန်ယူ ဆောင်ရွက်ခြင်း (သို့) လိုအပ်သလို ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပြုလုပ်ရန် အာမခံပါသည်။ မိမိတို့နှင့် ဆက်စပ်ပက်သက်နေသည့် အခြားသောလူမှုအဖွဲ့အစည်းတွင်လည်း ထိုကဲ့သို့ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ထိခိုက်မှုတစုံတရာရှိကြောင်း စုံစမ်းသိရှိရပါက လိုအပ်သည့်တာဝန်ယူမှုများကို အပြည့်အဝတာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်သည်။

လူ့အခွင့်အရေးမူဝါဒများကို Coca-Cola ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်အပါအဝင် ဒါရိုက်တာအဖွဲ့ဝင်များကိုယ်တိုင် ဦးဆောင်ရေးဆွဲထားခြင်းဖြစ်သည်။

## လူ့အသိုင်းအဝိုင်းနှင့် သက်ဆိုင်သူများနှင့် ဆက်စပ်မှု

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့လုပ်ငန်းလုပ်ကိုင်ရာ  လူ့အဖွဲ့အစည်း၏ တစိတ်တပိုင်းဖြစ်သည်ကို အသိအမှတ်ပြု လက်ခံပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းအတွင်း မြေယာပိုင်ဆိုင်ခွင့်၊သောက်သုံးရေနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့သော အရေးပါသည့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ထိုလူ့အဖွဲ့ အစည်းနှင့်ပူးပေါင်းဆောင်ရွက်သည်။ ကျွန်ုပ်တို့သည် ဒေသခံတိုင်းရင်းသားများအပါအဝင် အားနည်းချို့တဲ့သောနိမ့်ကျသော လိုအပ်ချက်များသော လူ့အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်သည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ နားထောင်ခြင်း၊ သင်ယူခြင်းနှင့် ၎င်းတို့၏ အမြင်သဘောထားများကို ကျွန်ုပ်တို့၏ လုပ်ငန်းအား စီမံခန့်ခွဲမှုအဖြစ် ထည့်သွင်းစဉ်းစားရန် ဖြစ်သည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ လုပ်ငန်းလုပ်ဆောင်ရာ တွင် အပြန်အလှန်ဆွေးနွေးခြင်း ဖြင့် ၎င်းတို့၏ အမြင်သဘောထားများကိုနားထောင်ခြင်း၊ မှသင်ယူခြင်း၊ ထည့် သွင်းစဉ်းစားခြင်းတို့ ပြုလုပ်ရန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဒေသတွင်း အကြောင်းအရာများကို ဒေသအဆင့်တွင်သာ အသင့်လျော်ဆုံးဖြစ်အောင် ဖော်ထုတ်ကိုင်တွယ်နိုင်ကြောင်း ယုံကြည်သည်။

သင့်တော်သည့်နေရာများတွင် ကျွန်ုပ်တို့၏လုပ်ငန်းနှင့် ဆက်စပ်သည့် လူ့အခွင့်အရေးမူဝါဒများနှင့် ပက်သက်၍ လူမှုအဖွဲ့အစည်းများ၊ ရှယ်ယာရှင်များနှင့် ပူးပေါင်းကာ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျှက်ရှိသည်။ အဆိုပါဆောင်ရွက်ချက်များတွင် လူ့အခွင့်အရေးကို လေးစားရန် ကျွန်ုပ်တို့ တိုက်တွန်းအားပေးလိုသော ကျွန်ုပ်တို့၏ စားသုံးသူများ၊ ကျွန်ုပ်တို့လုပ်ငန်းနှင့် ပတ်သက်ဆက်စပ်သောလုပ်ငန်းများ ၊ အမျိုးမျိုးသော စပွန်ဆာထောက်ပံ့သူများ ပါဝင်သည်။

# Coca-Cola ကုမ္ပဏီ၏ လူ့အခွင့်အရေးမူဝါဒ (အဆက်။)

## မတူကွဲပြားခြင်းနှင့် ပူးပေါင်းပါဝင်ခြင်း

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နှင့် လက်တွဲလုပ်ဆောင်သူများ၏ မတူကွဲပြားမှုနှင့် ပူးပေါင်းပါဝင်မှုတို့ကို အလေးအနက်တန်ဖိုးထားပါသည်။ ကျွန်ုပ်တို့သည် တန်းတူအခွင့်အရေးရရှိရေးနှင့် ခွဲခြားဆက်ဆံမှုများ၊ ထိပါးနှောင့်ယှက်မှုများ ကင်းရှင်းစေရေးကို အာမခံပါသည်။ မိမိတို့အနေဖြင့် လုပ်ငန်းခွင်အတွင်း လူမျိုး၊ လိင်၊ အသားအရောင်၊ နိုင်ငံသား သို့မဟုတ် ဌာနေတိုင်းရင်းသား၊ ကိုးကွယ်ယုံကြည်မှု၊ အသက်၊ မသန်စွမ်းမှု၊ လိင်တိမ်းညွှတ်မှု၊ ကျားမကွဲပြားမှု၊ နိုင်ငံရေး အမြင် သို့မဟုတ် သက်ဆိုင်ရာ ဥပဒေများက အကာအကွယ်ပေးထားသည့် အခြေအနေများ အပေါ်တွင် ခွဲခြားဆက်ဆံမှု သို့မဟုတ် ထိပါးနှောင့်ယှက်မှုများ ကင်းဝေးစေရေးကို အလေးထားဆောင်ရွက်ပါသည်။ ဝန်ထမ်းသစ်ရွေးချယ်ခန့်အပ်ခြင်း၊ ရာထူးနေရာပြောင်းရွှေ့ခန့်ထားခြင်း၊ လုပ်ငန်းခွင်တိုးတက်မှုနှင့် သင်တန်းများပေးခြင်း၊ အကျိုးခံစားခွင့်နှင့် ကုမ္ပဏီ၏ ရာထူးတိုးမြှင့်ရေးဆိုင်ရာ အခြေခံသတ်မှတ်ချက်များသည် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်၊ကျွမ်းကျင်မှုနှင့် လုပ်သက်အတွေ့အကြုံတို့ အပေါ်တွင်သာ မူတည်သည်။

မထီမဲ့မြင်ပြုမူခြင်း သို့မဟုတ် လက်ခံဖွယ်ရာမဟုတ်သည့် အပြုအမူ၊ မမျှမတဆက်ဆံမှု သို့မဟုတ် မည်သည့်လက်စားခြေတုန့်ပြန်ခြင်းမျိုးမဆို လုံးဝသည်းခံခွင့်လွှတ်မည်မဟုတ်ပါ။ ထိပါးနှောင့်ယှက်ခြင်းသည် လုပ်ငန်းခွင်နှင့် အလုပ်နှင့်သက်ဆိုင်သည့် မည်သည့် လုပ်ငန်းခွင်ပြင်ပတွင်မဆို သည်းခံခွင့်လွှတ်နိုင်သည့် အပြုအမူမဟုတ်ပါ။

## လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းခွင့်နှင့် စုပေါင်းညှိနှိုင်း တောင်း ဆိုခွင့်

အပြစ်ပေးအရေးယူခံရခြင်း၊ နှောင့်ယှက်ခြင်း၊ စော်ကားခြင်း တို့ကို စိုးရိမ်ရန် မလိုဘဲ ဝန်ထမ်းများ၏ အခွင့်အရေးဖြစ်သော အလုပ်သမား သမဂ္ဂများတွင် ပါဝင်ခွင့်၊ ဖွဲ့စည်းခွင့် သို့မဟုတ် မပါဝင်ပဲ နေနိုင်ခွင့်တို့ကို လေးစားအသိအမှတ်ပြုပါသည်။ ဝန်ထမ်းများသည် တရားဝင် အသိအမှတ်ပြုထားသော သမဂ္ဂများကို ကိုယ်စားပြုသည့်အခါ ၎င်းတို့ လွတ်လပ်စွာရွေးချယ်ထားသော ကိုယ်စားလှယ်များနှင့် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများကို ပြုလုပ်မည်ဟု သန္နိဋ္ဌာန်ပြုထားပါသည်။ ကုမ္ပဏီ အနေဖြင့် ယင်းသို့သော ကိုယ်စားလှယ်များ၏ ကောင်းမွန်စွာ တောင်းဆိုမှုများကို ကိုင်တွယ်လုပ်ဆောင်မည်ဟု သန္နိဋ္ဌာန်ပြုထားသည်။

## ဘေးကင်း၍ ကျန်းမာရေးနှင့် ညီသော လုပ်ငန်းခွင်

ကျွန်ုပ်တို့ဝန်ထမ်းများ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာကြံ့ခိုင်ရေးသည် ကျွန်ုပ်တို့၏ ပဓာနရည်မှန်းချက်ဖြစ်သည်။ ကျွန်ုပ်တို့၏ မူဝါဒမှာ ဘေးကင်းလုံခြုံ၍ ကျန်းမာရေးနှင့် ညီညွတ်သော လုပ်ငန်းခွင်ကို ဖန်တီးပေးခြင်း၊ သက်ဆိုင်ရာ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများ လေးစားလိုက်နာခြင်းနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ဘေးကင်းလုံခြုံ၍ ကျန်းမာရေးနှင့် ညီညွတ်သော လုပ်ငန်းခွင်ဖန်တီးပေးခြင်း၊ မတော်တဆမှုများ၊ ထိခိုက်ဒဏ်ရာရမှုများနှင့် ကျန်းမာရေး အကျိုးသက်ရောက်မှုများကို ဝန်ထမ်းများဖြင့် ညှိနှိုင်းဆွေးနွေးကာ ကုသကာကွယ်မှုများ ဆောင်ရွက်ခြင်းတို့ လုပ်ဆောင်ပေးသည်။

## လုပ်ငန်းခွင် လုံခြုံရေး

ကုမ္ပဏီသည် လုပ်ငန်းခွင်တွင်းနှင့် လုပ်ငန်းခွင်ပြင်ပ ခြိမ်းခြောက်မှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် လုပ်ငန်းခွင် အကြမ်းဖက်မှုများ၊ ထိပါးစော်ကားမှုများ၊ ခြိမ်းခြောက်အနိုင်ကျင့်မှုများနှင့် အခြား မလုံခြုံသော သို့မဟုတ် နှောင့်ယှက်ဖျက်ဆီးလိုသော အခြေအနေများ ကင်းဝေးသည့် လုပ်ငန်းခွင်အဖြစ် ထိန်းသိမ်းထားရှိရန် အခိုင်အမာဆုံးဖြတ်ထားသည်။ ဝန်ထမ်းများအား လုံခြုံရေး အကာအကွယ်များကို လိုအပ်သလို ထောက်ပံ့ပေးပြီး ဝန်ထမ်းများ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် ဂုဏ်သိက္ခာကို လေးစားအသိအမှတ်ပြု စောင့်ထိန်းပေးသည်။

## အတင်းအဓမ္မ လုပ်အား/ လူကုန်ကူးမှု

ကျွန်ုပ်တို့သည် အကျဉ်းသားလုပ်သား၊ စာချုပ်ချုပ်ခိုင်းစေသည့်လုပ်သား၊ ဘွန်းထိုးခိုင်းစေသည့်လုပ်သား၊ စစ်တပ် လုပ်အား၊ ခေတ်သစ်ကျွန်ပြုစေခိုင်းခြင်းနှင့် လူကုန်ကူးမှုအပါအဝင် အဓမ္မဖိအားပေးခိုင်းစေမှု အားလုံးကို ပြင်းထန်စွာတားမြစ်သည်။

# Coca-Cola ကုမ္ပဏီ၏ လူ့အခွင့်အရေးမူဝါဒ (အဆက်။)

## ကလေး လုပ်သား

ကျွန်ုပ်တို့သည် အန္တရာယ်ရှိနိုင်သော လုပ်ငန်းခွင်များတွင် အသက် ၁၈နှစ် အောက်လုပ်သားများ ငှားရမ်းလုပ်ကိုင်စေခြင်းကို ပြင်းထန်စွာတားမြစ်ထားသည်။

## အလုပ်ချိန်များ၊ လုပ်ခလစာများနှင့် ခံစားခွင့်များ

ကျွန်ုပ်တို့သည် လစာနှုန်းထားညှိနှိုင်းခွင့် သဘောတူညီမှုများအရ ဝန်ထမ်းများကို လုပ်ငန်းအမျိုးအစား ဒေသတွင်းအလုပ်သမားဈေးကွက်နှင့် သင့်လျော်သည့်လစာများအတိုင်း ပေးအပ်ခန့်ထားသည်။ ကျွန်ုပ်တို့သည် လုပ်ခ၊ အလုပ်ချိန်၊ အချိန်ပိုနှင့် ခံစားခွင့် ဥပဒေများနှင့်အညီ အကျိုးခံစားမှုများ အပြည့်အဝရရှိစေရေးကို အလေးထားဆောင်ရွက်သည်။

## မြေယာအခွင့်အရေးနှင့် ရေအရင်းအမြစ်

ကျွန်ုပ်တို့အနေဖြင့် မိမိတို့လူ့အဖွဲ့အစည်း၏ မြေယာနှင့် ရေအရင်းအမြစ် အသုံးချခွင့်ကို လေးစားအသိအမှတ်ပြုရေးနှင့် ပက်သက်၍ တိကျသောမူဝါဒနှင့် လုပ်ဆောင်ချက်များ ချမှတ်အကောင်အထည်ဖော်ရေးသည် အရေးပါသည့်တာဝန်ဖြစ်သည်ကို အသိအမှတ်ပြု လက်ခံပါသည်။

ကျွန်ုပ်တို့အနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများကို တိုက်ရိုက်ဝယ်ယူခြင်း မရှိသော်လည်း ဒေသခံလယ်သမားများနှင့် ၎င်းတို့လူ့အဖွဲ့အစည်း၏ မြေယာပိုင်ဆိုင်ခွင့်ကို ကာကွယ်စောင့်ရှောက်ရန် လယ်ယာထွက်ကုန်များကို အဓိကဝယ်ယူသူအဖြစ် ကျွန်ုပ်တို့၏တန်ဖိုးနှင့် ဂုဏ်သတင်းလွှမ်းမိုးမှုပေါ်တွင် အခြေခံကာ လှုံ့ဆော်စည်းရုံးမှုများ ဆောင်ရွက်သည်။

ရေအရင်းအမြစ်ထိန်းသိမ်းရေး၊ အန္တရာယ်ကင်းသော သောက်သုံးရေရရှိရေးနှင့် သင့်တော်သည့် ရေဆိုးထုတ်စနစ်အသုံးပြုခြင်းဖြင့် ဂေဟစနစ်နှင့် လူ့အဖွဲ့အစည်းကို ထိန်းသိမ်းကာကွယ်ရေးသည် လူသားတို့၏ အခြေခံလိုအပ်ချက်ဖြစ်သည်ကို လေးစားအသိအမှတ်ပြုပါသည်။ ကျွန်ုပ်တို့၏ ရေအရင်းအမြစ်ထိန်းသိမ်းစောင့်ရှောက်ရေး အစီအစဉ်အရ ဒေသတွင်းရေချိုပမာဏကို ခန့်မှန်းတွက်ချက်ခြင်းဖြင့် ရေချိုရှားပါးလာနိုင်မည့် အန္တရာယ်နှင့်ပက်သက်၍ အစိုးရ၊ ဒေသခံအဖွဲ့အစည်း၊ အခြားသောတာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ လိုအပ်သည့်အချိန် လိုအပ်သည့်ဒေသများတွင် ရေချိုရှားပါးမှု ဖြေရှင်းရေးလုပ်ငန်းများ တိုးတက်စေရန် ဆောင်ရွက်ခြင်းနှင့် ရေချိုအရင်းအမြစ် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို လူ့အခွင့်အရေး အခြေခံချဉ်းကပ်နည်းနှင့်အညီ ဆောင်ရွက်သည်။

## ကျန်းမာပျော်ရွှင်သော ဘဝနေထိုင်မှု

ကျွန်ုပ်တို့သည် ပွင့်လင်းမြင်သာသည့် အာဟာရဆိုင်ရာသတင်းအချက်အလက်များနှင့် ကျန်းမာသန်စွမ်းသော ဘဝနေထိုင်မှုနှင့်ကိုက်ညီသည့် ရွေးခြယ်မှုများကို စားသုံးသူများအသိပညာပေးနိုင်ရန် အဖျော်ယမကာစံသတ်မှတ်ချက်များကို ရှင်းလင်းတင်ပြသွားမည်ဖြစ်သည်။

## ဝန်ထမ်းများအတွက် လမ်းညွှန်ချက်နှင့် အစီရင်ခံတင်ပြခြင်း

Coca-Cola ကုမ္ပဏီသည် တန်ဖိုးထားလေးစားဖွယ်ဖြစ်သော မိမိတို့ဝန်ထမ်းများအကြား ပွင့်လင်းမြင်သာပြီး ရိုးသားဖြောင့်မတ်သည့် လုပ်ငန်းခွင်ဖန်တီးရေးကို အလေးထားဆောင်ရွက်သည်။ ကျွန်ုပ်တို့အနေဖြင့် လုပ်ငန်းလည်ပတ်ရာ နေရာတိုင်းတွင် သက်ဆိုင်ရာ အလုပ်သမားနှင့် အလုပ်ခန့်ထားခြင်းဆိုင်ရာ ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်သည်။ မိမိတို့ဝန်ထမ်းများကိုယ်တိုင် လူ့အခွင့်အရေးမူဝါဒများကို သိရှိနားလည်စေရန် သင်တန်းများ ပို့ချခြင်းနှင့် နှစ်စဉ်ဂုဏ်ပြုပွဲများတွင် ဟောပြောအသိပေးခြင်းများ ပြုလုပ်ဆောင်ရွက်ပေးသည်။

ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကျရာဒေသရှိ မူဝါဒနှင့် ဥပဒေဆိုင်ရာ ဘာသာစကားအခက်အခဲ၊ ဒေသဆိုင်ရာ ဓလေ့ထုံးတမ်းမတူညီမှုကြောင့် အငြင်းပွားဖွယ်ရာ ဖြစ်ပွားနိုင်သည့် အခြေအနေကိုဖြစ်စေ၊ မူဝါဒများနှင့်ပက်သက်၍ မရှင်းလင်းသည်များရှိလျှင်ဖြစ်စေ၊ မူဝါဒချိုးဖောက်မှုများ ဖြစ်ပေါ်လာနိုင်သည့် ကိစ္စရပ်များကို သတင်းပို့ရန်ဖြစ်စေ ဆောင်ရွက်လိုပါက ဒေသဆိုင်ရာစီမံခန့်ခွဲမှုဌာန၊ ဝန်ထမ်းရေးရာဌာန၊ တရားရေးဌာန သို့မဟုတ် ဝန်ထမ်းရေးရာ စောင့်ရှောက်ကာကွယ်ရေးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။ ဝန်ထမ်းများအနေဖြင့် သံသယဖြစ်ဖွယ် မူဝါဒချိုးဖောက်မှုများ သိရှိပါက EthicsLine ၏ လုံခြုံစေရန်စီမံထားသော အင်တာနက်ဝဘ်ဆိုဒ် www.KOethics.com မှတဆင့် သို့မဟုတ် အဆိုပါ www.KOethics.com ဝဘ်ဆိုဒ်တွင်ပါရှိသည့် ဒေသဆိုင်ရာ



The Coca-Cola Company

# Coca-Cola ကုမ္ပဏီ၏ လူ့အခွင့်အရေးမူဝါဒ (အဆက်။)

အခမဲ့တယ်လီဖုန်းနံပါတ်များမှတဆင့် သတင်းပေးပို့ တိုင်ကြားနိုင်သည်။ ဤမူဝါဒအရ စိုးရိမ်ပူပန်မှုများ တိုင်ကြားတင်ပြမှုအတွက် မည်သည့်ဝန်ထမ်းကိုမဆို အပြစ်ပေးအရေးယူခြင်း သို့မဟုတ် တုန့်ပြန်လက်စားချေမှုများ လုပ်ဆောင်လိမ့်မည်မဟုတ်ပါ။ ကုမ္ပဏီအနေဖြင့် အဆိုပါမူဝါဒချိုးဖောက်မှုများတွင် ပါဝင်ပက်သက်သည့် ဝန်ထမ်းများကို စုံစမ်းဖော်ထုတ်ကာ ထိရောက်သည့်အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။ လူ့အခွင့်အရေးမူဝါဒများကို မိမိတို့ကုမ္ပဏီ၏ စီးပွားရေးကျင့်ဝတ်စည်းကမ်းနှင့် အညီ ရေးဆွဲထားသည်။ ဘာသာပြန်ခြင်းနှင့် သက်ဆိုင်ရာအချက်အလက်များအပါအဝင် အဆိုပါမူဝါဒအသေးစိတ်ကို သိရှိလိုပါက ကုမ္ပဏီ၏ အင်တာနက်စာမျက်နှာ http://www.coca-colacompany.com တွင် ဖတ်ရှုလေ့လာနိုင်ပါသည်။

ဥရောပသမဂ္ဂဒေသတွင်း ဝန်ထမ်းများသတိပြုရန် - ဥရောပသမဂ္ဂဥပဒေစည်းမျဉ်းအရ ကျင့်ဝတ်စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ EthicsLine ဖုန်းလိုင်းများနှင့် ဝဘ်ဆိုဒ်ဝန်ဆောင်မှုများကို ငွေကြေးဆိုင်ရာ၊ ငွေစာရင်းနှင့် စာရင်းစစ်လုပ်ငန်းရပ်များ အစီရင်ခံရန်အတွက်သာ အသုံးပြုနိုင်သည်ကို သတိပြုမှတ်သားထားပါ။ လူ့အခွင့်အရေးနှင့် လုပ်ငန်းခွင်အခွင့်အရေးများ မူဝါဒအောက်ရှိ ကိစ္စရပ်များကို အစီရင်ခံတင်ပြလိုပါက ဒေသဆိုင်ရာစီမံခန့်ခွဲမှုဌာန၊ ဝန်ထမ်းရေးရာဌာန၊ ဒေသဆိုင်ရာတာဝန်ရှိသူများ သို့မဟုတ် တရားရေးဌာနများနှင့် ဆက်သွယ်ပါ။

## အများသိရှိရန်တင်ပြခြင်း

ကျွန်ုပ်တို့အနေဖြင့် လူ့အခွင့်အရေးမူဝါဒများနှင့်အညီ ကျင့်သုံးသည့် မိမိတို့၏ လူ့အခွင့်အရေးမူဝါဒဆိုင်ရာ ကတိကဝတ်များ ကြိုးပမ်းမှုများနှင့် ကြေညာချက်များကို ကျွန်ုပ်တို့၏ လူ့အခွင့်အရေးအစီရင်ခံစာနှင့် နှစ်ပတ်လည်တည်ငြိမ်မှုထိန်းသိမ်းရေး အစီရင်ခံစာများ၏ တစိတ်တပိုင်းအဖြစ် အများမြင်သာစေရန် ရှင်းလင်းတင်ပြထားသည်။ ယင်းအစီရင်ခံစာကို ကုလသမဂ္ဂအစီရင်ခံစာ ရေးဆွဲခြင်းဆိုင်ရာ စည်းမျဉ်းမူဘောင်နှင့်အညီ တင်ပြပါသည်။

ကုမ္ပဏီသည် မည်သည့်အချိန်တွင်မဆို ဤမူဝါဒများကို ပြင်ဆင်ပြောင်းလဲနိုင်သည့် အခွင့်အရေးရှိသည်။ ဤမူဝါဒအတွင်း ကုမ္ပဏီနှင့် ၎င်း၏ ဝန်ထမ်းများအကြား စာချုပ်စာတမ်းထားရှိခြင်း သို့မဟုတ် ဤအစီအစဉ်တွင် ပါဝင်ဆောင်ရွက်သောကြောင့် Coca-Cola ကုမ္ပဏီတွင် အလုပ် ဆက်လက်ရရှိမည်ဟူသည့် အာမခံချက်ကိုပေးခြင်းဖြစ်သည်ဟု  အဓိပ္ပါယ်သက်ရောက်ခြင်းများ မရှိပါ၊ မဆိုလိုပါ။